SALWEEN PEACE PARK

သို့

ဒေါ်နန်းခင်ထွေးမြင့်

ဝန်ကြီးချုပ်၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ ဘားအံမြို့။

ရက်စွဲ - ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၀) ရက်။

အကြောင်းအရာ ။ ။ နိုင်ငံတကာလူ့အခွင့်အရေးနေ့ကို ရည်စူးလျက် မြိုင်ကလေးဒေသအတွင်း ရေအရည်အသွေးဆိုင်ရာ ကျဆင်းမှုကို အလျင်အမြန် ကုသနိုင်ရန် (၂၀၂၀) ပြည့်နှစ် နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဆု (Goldman Environmental Prize 2020) အပ်နှင်းခံရသည့် စောဖေါလ်စိန်ထွားမှ တာဝန်ရှိသူများအား အိတ်ဖွင့်ပေးစာပေးပို့ခြင်း။

ကျွန်တော် စောဖေါလ်စိန်ထွားသည် ကော်သူးလေ၊ ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်အတွင်းရှိ ဒေသခံဌာနေကရင်တိုင်း ရင်းသားများနှင့်နီးကပ်စွာလက်တွဲပြီး မကြာသေးခင်က ၂၀၂၀ ပြည့်နှစ် အီကွေတာဆုကို ရရှိခဲ့သော သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကို ဒေသခံဌာနေကရင်တိုင်းရင်းသားများ ကိုယ်တိုင်ဖွဲ့စည်းတည်ထောင်စီမံအုပ်ချုပ်နိုင်ရန်အတွက် ဦးဆောင်ပါဝင်လမ်းပြကူညီခဲ့သူတစ်ဦးဖြစ်ပြီး တန်ဖိုးမဖြတ်နိုင်သည့် ဇီဝမျိုးကွဲ၊ သဘာဝပတ်ဝန်းကျင်နှင့် ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးမြှင့်တင်မှုအား ချိတ်ဆက်ကာ ကရင်လူမျိုးတို့၏ရေခံမြေခံနှင့်ကိုက်ညီသည့် ရေရှည်ဖွံ့ဖြိုးမှုဖြစ်ပေါ်ရန် တစိုက်မတ်မတ်ဆောင်ရွက်နေသူဖြစ်ကြောင်း ရှေးဦးစွာမိတ်ဆက်လိုပါသည်။

လွန်ခဲ့သည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှစတင်ကာ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မြိုင်ကလေးကျေးရွာအုပ်စု အနီးအနားရှိ ကျေးရွာပေါင်း (၁၇) ရွာကျော်တွင် ရေအရောင်နှင့်အရည်အသွေးပြောင်းလဲခြင်း၊ ငါးများသေဆုံးခြင်း၊ အဆိုပါ ကျေးရွာရှိ ဒေသခံအချို့အရေပြားအပါအဝင် ကျန်းမာရေးနှင့်ဆက်စပ်သည့်သက်ရောက်မှုများဖြစ်ပေါ် ခဲ့သည်ကို နိုင်ငံတကာ သတင်းစာမျက်နှာများ၊ မှတ်တမ်းဗီဒီယိုများနှင့် ကရင်မြစ်ချောင်းစောင့်ကြည့်ရေး၊ စိမ်းလန်းအမိမြေအသင်းနှင့် သယံဇာတပွင့်လင်း မြင်သာမှုဆိုင်ရာ မဟာမိတ်အဖွဲ့တို့ ပူးပေါင်းထုတ်ဝေသည့်အစီရင်ခံစာမှတစ်ဆင့် ကရင်ပြည်နယ်အတွင်း ဖြစ်ပေါ် လျက်ရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုအားသိရှိခဲ့ရသည်။

ထို့ပြင် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး လူမှုအဖွဲ့အစည်းများ၏ပူးပေါင်းပါဝင်မှုကိုလည်း ဟန့်တားနေခြင်းများရှိကြောင်း တွေ့ရှိရပါသည်။ သာဓကတစ်ခုမှာ ယခုပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ဒေသခံများနှင့် ပူးပေါင်းပြီး အင်တိုက်အားတိုက် ပါဝင်ကူညီသော သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူ စောသာဘိုးကို ၅၀၅ (ခ) ဖြင့် တရားစွဲဆိုခဲ့သောအချက် ဖြစ်သည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းသည် အစိုးရနှင့်လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကို များစွာထိခိုက်စေပြီး ယခုဖြစ်ပွားနေသော ပြဿနာကို ထိရောက်စွာဖြေရှင်းမှုမဟုတ်ဘဲ ပြဿနာကို ပိုမို ကြာရှည် စေမည် ဖြစ်သည်။

အဆိုပါအခြေအနေသည် ရေတိုသာမကရေရှည်တွင် ကရင်ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရ၏ ငွေကြေးကုန် ကျမှုများနှင့်မလိုလားအပ်သောဖိအားများဖြစ်ပေါ်လာစေနိုင်မည် ဖြစ်သည်။ ထို့ပြင် ပြည်သူလူထု၏အသက်အိုးအိမ်ကို ပြင်းထန်စွာ ထိခိုက်ဆုံး

ရှုံးစေနိုင်သည်သာမက တန်ဖိုးမဖြတ်နိုင်သည့်ရေချိုအရင်းအမြစ်နှင့်ဇီဝမျိုးကွဲပျက်စီးဆုံးရှုံးမှုကိုလည်း ဖြစ်ပေါ်လာနိုင်မည်ကို တွေ့ရှိထား သည့်အချက်အလက်ကိုအခြေခံပြီး မြေကြီးလက်ခတ်မလွဲ ခန့်မှန်းရိပ်စား မိပါ သည်။

ကရင်ပြည်နယ်အစိုးရမှ ဒီဇင်ဘာလ (၄) နေ့တွင် မြေ၊ လေ၊ ရေအရည်အသွေးနှင့် ယင်းတို့၏ ဓာတ်ပစ္စည်းအရည် အသွေးဆိုင်ရာ တိုင်းတာစောင့်ကြည့်ခြင်းလုပ်ငန်းစဉ်ဆောင်ရွက်နေသည်ကို သိရှိရသဖြင့် ကျပ်တည်းနေသည့်အခက်အခဲအား အမှန်တကယ်ဖြေရှင်းဆောင်ရွက်နေမှုကို အသိအမှတ်ပြုလေးစားပါကြောင်းနှင့် အဆိုပါဆောင်ရွက်မှုအား လှိုက်လှဲစွာကြိုဆိုပြီး ဝမ်းသာပီတိဖြစ်ပါကြောင်း ဌာနေတိုင်းရင်းသားများကိုယ်စား ပြောကြားလိုပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု ရှုထောင့်မှ လေ့လာကြည့်သည့်အခါတွင်မူ ယခုကရင်ပြည်နယ်အစိုးရမှလုပ် ဆောင်နေသည့်လုပ်ငန်းစဉ်အစီအစဉ်များအပြင် အခြေခံလူ့အခွင့်အရေးအရ အရေးကြီးသည့်သန့်ရှင်းသောရေသောက်သုံးနိုင်ရန်အတွက် အရေးပေါ် နည်း စနစ်တကျတုံ့ပြန်သည့် လုပ်ငန်းစဉ်များကို ကျွမ်းကျင်သည့် ပညာရှင်များ၊ လူမှုအဖွဲ့အစည်း များနှင့်စီစဉ်လုပ်ဆောင်သင့်သည်။ ထို့ပြင် ရေတွင်ပျော်ဝင်သောဓာတ်များနှင့် မည်သည့်အကြောင်းကြောင့် အကျိုးဆက်ဖြစ်ပေါ်လာခဲ့သည်ကို နိုင်ငံတကာနည်းပညာများ၊ ပညာရှင်များဖြင့်ချိတ်ဆက်ပြီး အမြန်ဆုံးတုံ့ပြန်လုပ်ဆောင်သင့်သည်။ လုပ်ငန်းစဉ်တစ်ခုလုံးသည် ပွင့်လင်းမြင်သာပြီး လူသားတို့၏ အသက်အိုးအိမ်လုံခြုံမှုကို အဓိကရှေးရှုကာ လုပ်ဆောင်သင့် သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါရေအရည်အသွေးပြောင်းလဲမှုသည် လူ့အခွင့်အရေးအရ အရေးပါဆုံးဖြစ်သည့် လူသားတို့၏ ရှင်သန်ရေးအပေါ်တွင် တိုက်ရိုက် ဆက်နွှယ်နေသောကြောင့် ဖြစ်သည်။

ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည် အခြေခံလူ့အခွင့်အရေးကို ကာကွယ်ခြင်းဖြစ်သည်သာမက လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုသည်လည်း အခြေခံကျသည့်လူ့အခွင့်အရေးဖြစ်သည်။ ဒီမိုကရေစီသည် မြန်မာနိုင်ငံအတွက် မရှိမဖြစ်လိုအပ်ပြီး ပြည်သူလူထုအားလုံး တန်းတူအခြေခံ လူ့အခွင့်အရေးရရန် အစိုးရမှပံ့ပိုးဆောင်ရွက်ရမည်ဖြစ်သည်။

ထို့ကြောင့် အဆိုပါရင်ဆိုင်နေရသည့်စိန်ခေါ်မှုများကို နည်းစနစ်တကျလျင်မြန်စွာတုံ့ပြန်နိုင်ရန်အတွက် ကျွန်တော်တို့ လူမှုအဖွဲ့အစည်းများမှ ထိရောက်စွာပါဝင်ကူညီလိုပါသဖြင့် လေးစားစွာဖြင့်ပူးပေါင်းပါဝင်ခွင့်ပြုပါရန် တိုက်တွန်းအပ်ပါသည်။ ထို့ပြင် စောသာဘိုးသည် အထက်ပါအကြောင်းအရာနှင့်စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်နှင့်လူ့အခွင့်အရေးအတွက် တရားမျှတမှုပေါ်ပေါက်ရန် ဒီမိုကရေစီစံနှုန်းနှင့်အညီလုပ်ဆောင်နေသည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် ယနေ့အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ကိုဦးထိပ်ထားလျှက် ပြည်နယ်အစိုးရမှ လူ့အခွင့်အရေး၏စံနှုန်းနှင့်ဒီမိုကရေစီစံနှုန်းများကို တန်ဖိုးထားကာ စောသာဘိုးအားစွဲဆိုထားသည့် အရေးယူမှုများကို ပယ်ဖျက်ပြီး ယခုပြဿနာအား ကျွနုပ်တို့လူမှုအဖွဲ့အစည်းများနှင့် အစိုးရတို့မှပူးပေါင်းလျက် အကောင်းဆုံးသောအဖြေကို အတူတကွရှာဖွေလုပ်ဆောင်သွားရန်အတွက် တိုက်တွန်းပါသည်။

လေးစားစွာဖြင့်



စောဖေါလ်စိန်ထွား၊
၂၀၂၀ ခုနှစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆုရှင် (သို့) အစိမ်းရောင်နိုဘယ်ဆုရှင်၊
သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဥက္ကဋ္ဌ၊
salweenpeacepark@gmail.com